ရွှေပဒေသာစာပေ

# ခေတ်ပျိုဖြာ

## အပျိုရောင်ည

( အချစ်လုံးချင်းဝတ္ထု (သစ်) )



# အခန်း (၁)

"မေမေ ... မေမေ"

အော်ခေါ်သံနဲ့အတူ သူ မေမေ့အိမ်ပေါ်သို့ ပြေးတက်လာခဲ့သည်။ ဧည့်ခန်းလေးရှိ ဆက်တီပေါ် တွင် မလှုပ်မယှက် ပုံသဏ္ဌာန်အနေအထားနှင့် ငြိမ်သက်စွာ ထိုင်နေခဲ့သော မေမေက သူ့ထံ ကြည်သည့် ဆိုရုံမျှတစ်ချက် လှမ်းကြည့်သည်။

"မေမေ"

သူ မေမေ့ရင်ခွင်ထဲသို့ ပြေးဝင်ကာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိသည်။ ရင်ခွင်ထဲဝင်ကာ ငိုကြွေးနေသော သူ့ကို မေမေက ပြန်ထွေးပွေ့မထားဘဲ ကျောက်ရုပ်တစ်ရုပ်လို အနေအထားနှင့် ကြုံဆိုခဲ့သည်။

"မေမေ ... သား ဖေဖေထားပေးတဲ့ကျောင်းကို မတက်ချင်တော့ဘူး မေမေ။ ကျောင်းက အသားအတန်းဖော်တွေ က သားကို အိမ်ဖော်မသား၊ စုန်းမသားဆိုပြီး အပေါင်းအသင်းမလုပ်ကြဘူး။ ငါတို့ကျောင်းနဲ့ မင်းလို အဆင့်အတန်းနဲ့ မတန်ဘူးဆိုပြီးတော့ သားကို ဝိုင်းပြောကြသေးတယ်။ မေမေ သား ဖေဖေ့ကို ချစ်ပေမယ့် ဖေဖေနဲ့အတူတူ မနေချင်တော့ဘူး။ ဖေဖေဝတ်ခိုင်းတဲ့ အဝတ်အစား ကောင်းကောင်းတွေ မဝတ်ရရင်လည်း နေပါစေ။ အစားအသောက်ကောင်းကောင်းတွေ မစားရရင် နေပါစေ။ သား မေမေနဲ့အတူ အရင်လိုပဲ ပြန်နေချင်တယ်နော် ... မေမေ ... သား မေမေနဲ့ပဲ အတူတူ နေမယ်နော်"

သူ့စကားအဆုံးမှာ ဝုန်းခနဲအသံတစ်ခုနှင့် အတူ သူ့ခန္ဓာကိုယ်လေး အခန်းထောင့်သို့ လွင့်စင် သွားရကာ သူ့ကျောမှ စူးရှသော နာကျင်မှု ကြောင့် လက်နှင့် ကျောကိုကိုင်ထားရင်း သူ့ကိုတွန်းဖယ် လိုက်သော မေမေ့ကို မျက်လုံးအပြူး သားနှင့် အထိတ်တလန့်ကြည့်နေမိသည်။ ကျောမှ နာကျင်မှု ကြောင့် မည် သည့်အသံမှ ထွက်မရပဲ အသားတွေ သာ တဆတ်ဆတ်တုန်ရင်း မေမေ့ကို ကြောက်လန့်နေမိသည်။

မေမေက ထိုင်ခုံပေါ်မှ ထလာပြီး သူ့ကို စိမ်းစိမ်းကားကားကြည့်ကာ ...

"ပစ္စယျ ... မင်းအခု ချက်ချင်း မင်းအဖေဆီပြန်သွား။ မင်းက အိမ်ဖော်မရဲ့ သားဘ၀နဲ့ နေရတာ ကို တော် တော် ပျော်လား။ မင်းဘ၀ကောင်းစားဖို့အတွက် ငါအဲဒီ အိမ်ကို ပို့ပေးခဲ့တာ။ အဲဒီ အိမ်က လူတွေ ဒီကို လိုက်မလာခင် မင်း ငါ့ရှေ့က မြန်မြန်ထွက်သွားစမ်း"

ခြောက်နှစ် သားအရွယ်ပဲ ရှိသေးသော သူ့အတွေးထဲတွင် တော့ မေမေဟာ ဒီကိစ္စအတွက်နှင့် တော့ ဒီလောက်အထိ ဒေါသထွက်စရာမလိုဟု ထင်မိသည်။ သူ မတ်တပ်ရပ်နေသော မေမေ့ခြေထောက်ကို သွားဖက်လိုက်ပြီး ...

"မေမေ ထားသလိုနေပြီး မေမေကျွေးတာပဲ စားပါ့မယ်။ မေမေနဲ့ပဲ သားနေပါရစေနော် ... မေမေ"

"ပစ္စယျ"

ဒေါသတကြီး အော်ဟစ်သံနှင့် အတူ မေမေ့လက်ကြမ်းကြမ်းတစ်စုံဟာ သူ့လက်မောင်း သေးသေးလေးတွေ ပေါ်ကို ကျရောက်လာပြီး ဆက်ကာဆက်ကာ ကိုင်လှုပ်ရင်းမှ ...

"ပစ္စယျ ... နင်ငါ့ကို အေးအေးချမ်းချမ်းနေတာ မမြင်ချင်ဘူးလား ဟမ်။ ဘယ်အချိန်အထိ ဒုက္ခ ပေးနေဦးမှာ လဲ။ ဒီနေ့ ဘာနေ့လဲသိလား။ ငါ့ရင်ထဲ ဘာတွေ ခံစားနေရလဲ သိလား။ နင် ဖြစ်ချင်တာတွေ ကိုပဲ နေင်သိတယ်။ ငါ့ဘက်ကိုတော့ စာနာမပေးဘူး"

သူ့ပခုံးကို ကိုင်လှုပ်ရင်း မျက်ရည်လည်ရွှဲနဲ့ ပြောလာသော မေမေ့ကိုကြည့်ရင်း သူ့ပါ ငိုကြွေးမိတော့သည်။

"ဒီနေ့ ငါ့ရင်တွေ ကွဲမတတ် ခံစားရတဲ့နေ့ဆိုတာ နင်သိလား ပစ္စယျ။ ဒီနေ့ဟာ နင့်အဘွား ငါ့အမေ၊ ငါ့အစ်ကို၊ ငါ့အစ်မ သူတို့အားလုံးသေတဲ့နေ့၊ တစ်ရက်တည်းမှာ ပဲ အကုန်လုံးသေဆုံးခဲ့တာ။ ဘယ်လိုသေတာလဲဆိုတာရော သိချင်သေးလား။ မီးလောင်တိုက်သွင်းခံရတာ ဟဲ့ ... ဟီး ... ဟီး ... အဲဒီ ကတည်းက ငါတစ်ခါတည်း သေခဲ့ဖို့ကောင်းတယ်။ ငါသာ သေခဲ့ရင် အခုလိုအ ဖြစ်ဆိုးတွေ နဲ့ ကြုံရမှာ မဟုတ်ဘူး"

ပြောရင်းမှ ကလေး တစ်ယောက် လို ငိုကြွေးနေသော မေမေဟာ ရုတ်တရက် ပျော့ခွေသွား တော့သည်။

"မေမေ … မေမေ"

သူအော်ခေါ်ရင်း လှုပ်နှိုးပေမယ့် ပျော့ခွေနေသော မေမေက တုတ်တုတ်မျှ မလှုပ်။

"မေမေ … မေမေ။ လာကြပါဦး … သားမေမေခေါ်မရတော့ဘူး။ လာကြပါဦး … မေမေ … မေမေ"

******

"မေမေ … မေမေ"

"အစ်ကို … အစ်ကို … ယောင်နေတာလား။ လေဆိပ်ရောက်တော့မယ်လေ"

လှုပ်နှိုးမှု နှင့် အတူ အသံတစ်ခုကြောင့် သူအိပ်မက်ထဲမှ လန့်နိုးလာခဲ့သည်။ သူ့ဘေးမှ အပြုံး မျက်နှာလေးနှင့် ကောင်လေးကြောင့် သူ ပြန်ပြုံး ပြလိုက်မိပြီး …

"ဆောရီးပဲ ညီရာ။ ကိုယ် အိပ်မက်မက်ပြီး ယောင်မိသွားတာ။ အနှောင့်အယှက် ဖြစ်သွားရင် တော့ တကယ်တောင်းပန်ပါတယ်ကွာ"

"ဟာ … ရပါတယ် အစ်ကိုရာ။ ဒါက လူတိုင်း ဖြစ်တတ်တာပဲလေ။ တောင်းပန်စရာ မလိုပါဘူးဗျာ။ ဒါနဲ့ အစ်ကိုက ပေလီကို အလည်လာတာလား"

ကောင်လေးစကားကြောင့် သူ ထပ်ပြုံး မိသွားသည်။

"ကိုယ်က ပေလီလာတာ မဟုတ်ဘူးကွ။ သံတွဲ ကိုလာတာ"

"ဗျာ … ကျွန်တော် လည်း သံတွဲ ကိုပြန်မှာ "

ထိုစဉ် သံတွဲ လေဆိပ်ကို လေယာဉ်ဆင်းတာမို့ ကောင်လေးနှင့် စကားပြတ်သွားသည်။

လေယာဉ်ဆင်းအပြီး လေဆိပ်တွင် သူ့ပစ္စည်းထုပ်တွေ သယ်ကာအထွက် ...

"အစ်ကို ကျွန်တော် လည်း ကူသယ်ပေးမယ်။ ကျွန်တော် က ကျောပိုးအိတ်တစ်ခုထဲ ပါတာဗျ"

ပြောပြောဆိုဆိုကောင်လေးက သူ့အိတ်နှစ် ခုမှ တစ်ခုကို ဆွဲယူကာ သယ်ပေးတာမို့ ...

"ကျေးဇူးပဲ ညီ"

"ရပါတယ် အစ်ကို။ ကိုယ့်မြို့ ကိုလာတဲ့ ဧည့်သည်ကို တာဝန်ကျေရမှာ ပေါ့"

"ညီက သံတွဲ သားလား"

သူ့စကားကြောင့် ကောင်လေးရယ်တယ်။

"ကျွန်တော် က သံတွဲ ကတော့ မဟုတ်ပါဘူး အစ်ကို။ ဒါပေမဲ့ သံတွဲ မှာ တာဝန်ကျနေတာ သုံးနှစ် လောက်ရှိပြီဆိုတော့ သံတွဲ သားတစ်ပိုင်း ဖြစ်နေပြီပေါ့"

"ညီက ဝန်ထမ်းပေါ့"

သူတို့စကားတပြောပြောနှင့် လေဆိပ်အပြင်ဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။

"ဟေ့ကောင် ... ပစ္စယျ။ ငါဒီမှာ ကွ"

အော်သံနှင့် အတူ လက်လှမ်းပြတဲ့ သူကြောင့် သူ့လှမ်းလက်စ ခြေလှမ်းတွေ ရပ်တန့်သွားကာ...

"ဟာ ... ဟေ့ကောင် ဖိုးထက်"

သူ သူငယ်ချင်း ဖိုးထက်ထံပြေးသွားပြီး ဖက်လိုက်သည်။

“မတွေ့တာကြာတော့ကွာ မင်းအသားတွေ ညိုပြီး မိုက်ထွက်လာတယ်ကွ။ တော်တော် ဝင်ထားပုံရတယ် ဒီမိုက်ထဲကို”

“ဟား ... ဟား”

သူငယ်ချင်းနှစ် ယောက် ရယ်မောနေစဉ် အထုပ်တွေ သယ်ပြီး အနားရောက်လာသော ကောင်လေးကြောင့် ...

“ညီ ကျေးဇူးပဲကွာ။ ဒီမှာ ကိုယ့်သူငယ်ချင်း လာကြိုတယ်ကွ”

ကောင်လေးက သူ့သူငယ်ချင်း ဖိုးထက်ကို အလေးပြုလိုက်ပြီး ...

“ဒီက အစ်ကိုက ဆရာစိုးအောင်ထက်ရဲ့ သူငယ်ချင်းလား။ ကျွန်တော် အခုမှ သိတယ်”

“အေး ... ဟုတ်တယ်ကွ။ မင်းလည်း ဒီ Flightနဲ့ပါလာတာလား”

“ဟုတ်ပါတယ် ဆရာ”

သူတို့ဘက်ကို ဖိုးထက်လှည့်ရင်း ...

“ဒါ ငါတို့စခန်းက ရဲတပ်သားလေးကွ။ နာမည် က သူရတဲ့။ သူရ ... ဒါက ဆရာ့သူငယ်ချင်း။ နာမည် က ပစ္စယျတဲ့။ မှတ်ထားနော်။ မင်းသံတွဲ ကိုပဲ ပြန်မှာ လား။ ဆရာ့ကားနဲ့ပဲ လိုက်ခဲ့လေ”

“ဟုတ်ကဲ့ပါ ဆရာ။ အကို အထုပ်တွေ ကို ကျွန်တော် ကူတင်ပေးမယ်”

ပြောရင်း သွက်သွက်လက်လက် လုပ်ပေးသွားသော သူရဆိုသည့်ကောင်လေးကို သူတကယ့်ကို ညီအရင်းလေးသဖွယ် ခင်မင်သွားရပါသည်။

“မင်းအိမ်ကိစ္စကိုတော့ ပြီးမှ ရှေ့နေတွေ နဲ့ ညှိလေ။ အခုလောလောဆယ်တော့ မင်းငါ့အိမ်မှာ ပဲ တည်းပေါ့ကွာ။ ငါလည်း တစ်ယောက် တည်းပဲဟာ”

“မင်းက ဘယ်တော့ယူမှာ လဲ ဖိုးထက်။ တော် ကြာ သီရိက မင်းကိုထားခဲ့ပြီး

နောက် တစ်ယောက် ရှာသွားဦးမယ်နော်။ ယူမယ်ဆိုလည်း မြန်မြန်ယူကြ။ သိပ်အချိန်မဆွဲနဲ့”

ဖိုးထက်ကလည်း ကားမောင်းရင်းမှ ...

“ယူမှာ ပါကွာ။ ငါကလည်း ဒီမှာ စခန်းမှူး အ ဖြစ် တာဝန်ကျတာ တစ်နှစ် ရှိပြီဆိုပေမယ့် ကိုယ့်ဒေသမဟုတ်တော့ သိပ်အထာမကျသေးဘူးကွ။ နောက်နှစ် လောက်ဆိုရင်တော့ အဆင်ပြေ သွားမှာ ပါကွာ”

“အေးလေ ... မင်းအဆင်ပြေသလိုပဲပေါ့။ အိမ်ကိစ္စအတွက်တော့ ငါ့ရှေ့နေကြီးဆီကို ဖုန်းဆက် အကြောင်းကြားထားပြီးပါပြီ။ တစ်ရက်လောက်နားပြီးမှပဲ ဆက်လုပ် တော့မယ်”

“သူရ ... မင်းအစ်ကို ဒီမှာ ရှိတဲ့ရက်ပိုင်း အစစအရာရာ ကူညီပေးလိုက် ပါကွာ။ အစ်ကို စိတ်ချမယ်နော်”

“ပစ္စယျရေ သူရက ဒီနယ်မြေကို ငါ့ထက်ကျွမ်းတယ်ကွ။ မင်းသူ့ကိုသာ အားကိုး”

သူ ဂျစ်ကားနောက်ခန်းတွင် ထိုင်လိုက်လာသော သူရကို လှည့်ပြုံး ပြလိုက်သည်။

“မင်း အမေရှိတဲ့ လိပ်စာကို ရခဲ့ပြီလား”

“အင်း ... ဖေဖေက လုံးဝပေးတာမဟုတ်ဘူးကွ။ သူမသိဘူးဆိုတာပဲပြောတာ။ အခု ဖေဖေ ဆုံးသွားတော့မှ ဖေဖေ့ဒိုင်ယာရီထဲက မေမေနဲ့ နေခဲ့တဲ့ လိပ်စာကို တွေ့ရတာ ။ မေမေ့ဓာတ်ပုံကိုရောပေါ့”

“မင်းကကော ဒီမြို့ မှာ မွေးပြီး မမှတ်မိတော့ဘူးလားကွ”

သူခေါင်းယမ်းပြလိုက်သည်။

“ငါက ဒီမြို့ မှာ ခြောက်နှစ် သားအထိပဲ နေခဲ့တာလေကွာ။ မှတ်မိလည်း ခပ်ရေးရေး ပေါ့ကွာ။ နောက်ပိုင်းကိစ္စတွေ ကတော့ မင်းသိထားတဲ့အတိုင်းပဲ”

စကားတပြောပြောနှင့် မောင်းလာခဲ့သော သူတို့ကားလေး သံတွဲ မြို့ သို့ ဝင်လာခဲ့သည်။ နှစ် ဆယ့်သုံးနှစ် ကျော် ခွဲခွာလာခဲ့သော သံတွဲ မြို့ လေးက သူ့ငယ်ဘဝကို အစစအရာရာပြောင်းလဲ နေခဲ့ပြီး မြို့ ပြလေးတစ်ခုအ ဖြစ် ရပ်တည်နေခဲ့ပြီ။

"ငါတို့ ထမင်းတစ်ခါတည်း ဝင်စားရအောင်"

ပြောရင်း ဆိုင်တစ်ဆိုင်ရှေ့တွင် ကားကို ရပ်လိုက်သည်။ ဆိုင်နာမည် က ကောင်းမှကောင်း စားသောက်ဆိုင်တဲ့။

"သူရ ... လာ ... မင်းရော တစ်ခါတည်းဝင်စား"

"ဟာ ... နေပါစေ ဆရာ။ ကျွန်တော် ဒီကပဲ စခန်းကို ခြေကျင်သွားလိုက်ပါ့မယ်။ နီးနေပြီပဲဟာ"

သူရက သူ့ကျောပိုးအိတ်လေးကို လွယ်ရင်းဂျစ်ကားလေးပေါ်မှ ခုန်ဆင်းလာတာမို့ သူက မနေနိုင်စွာ နှင့် ...

"မဟုတ်တာပဲ ညီ။ ကိုယ်တို့နဲ့အတူ ထမင်းစားပြီးမှ သွားကြတာပေါ့ကွာ။ ရှေ့လျှောက်လည်း ကိုယ်က ညီ့အကူအညီယူရမှာ ဆိုတော့ အခုကတည်းက ရင်းနှီးထားသင့်တာပေါ့။ ကိုယ့်ကို အစ်ကို အရင်း တစ်ယောက် လို သဘောထားပေးပါ ညီ။ ကိုယ်လည်း မင်းကို ညီအရင်း တစ်ယောက် လို သဘောထားတယ်"

သူရက သူ့စကားအဆုံးတွင် သူ့လက်ကို သူ့လက်နှစ် ဖက်နှင့် လာရောက်ဆုပ်ကိုင်ပြီး ...

"ကျေးဇူးတင်ပါတယ် အစ်ကို။ ကျွန်တော် လည်း အစ်ကို့ကို မြင်မြင်ချင်းပဲ အစ်ကို တစ်ယောက် လို သဘောထားမိပါတယ်"

"ကဲ ... ကဲ .. တစ်ယောက် နဲ့ တစ်ယောက် ရင်းနှီးသွားကြညီဆိုတော့ ထမင်းစားရအောင်ကွာ။ ငါတော် တော် ဗိုက်ဆာနေပြီကွ"

ဖိုးထက်၏ ဆော်သြမှု ကြောင့် သူတို့ကောင်းမှကောင်းဆိုင်ထဲသို့ ဝင်ခဲ့ကြသည်။

စားပွဲထိုးလေး ထံ ဟင်းနှင့် ထမင်းများ မှာ လိုက်ပြီး သူနဲ့ဖိုးထက်တို့ နှစ် ယောက် ရှေးဟောင်းနှောင်း ဖြစ်တွေ ပြောကာ ရယ်မောမိကြသည်။

ထမင်းနှင့် ဟင်းတွေ ရောက်လာတော့လည်း စားသောက်ရင်း ဆက်ပြော ဖြစ်ကြပြန်သည်။

"ပစ်စေ"

(သူ့ကို သူငယ်ချင်းတွေ အားလုံး ပစ်စေဟုခေါ်ကြသည်)

"ပြောလေ"

"အခုမင်းလုပ်ငန်းက အဆင်ပြေရဲ့ လား"

"ပြေတယ်ကွ။ အိမ်တွင် းအိမ်ပြင် decoration လုပ်တယ်ဆိုတာက ဟိုးအရင်ကတော့ ငါတို့ နိုင်ငံမှာ သိပ်မတွင် ကျယ်သေးဘူးပေါ့ကွာ။ အခုတော့ ကိုရီးယားကားတွေ ကြည့်ပြီး အိမ်တွင် းအိမ်ပြင် အပြင်အဆင်တွေ ကို လူတွေ သဘောပေါက်လက်ခံလာတော့ ငါတို့လုပ်ငန်းတွေ တွင် ကျယ်လာတာပေါ့ကွ။ အရင်ကဆို ရေချိုး ခန်းအတွက် နေရာအများကြီးယူပြီး ကြွေပြားတွေ ကပ်၊ ရေချိုး မယ့် အုတ်ကန်ကြီးတွေ နဲ့ အဲဒီ လိုတွေ လုပ်လာရတယ်လေ။ အခုတော့ နှစ် ပေပတ်လည် အခန်းလေးထဲမှာ ပဲ ရေချိုး ခန်း ဖြစ်အောင် လုပ်လို့ရနေပြီကွ"

သူပြောသမျှကို ဖိုးထက်နှင့် သူရက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြသည်။ သူက သူရဘက် မေးဆတ်ပြလိုက်ကာ ...

"ညီက အခု ရန်ကုန်ကို ဘာသွားလုပ်တာလဲ"

"ကျွန်တော် ဘွဲ့သွားယူတာပါ အစ်ကို။ ဒီနှစ် ထဲ ဒုရဲအုပ်သင်တန်းတက်မလို့လေ"

"ကြိုး စားပေါ့ ညီရာ။ ဒီလိုကောင်မျိုး တွေ တောင် စခန်းမှူး ဖြစ်သေးတာပဲကွ။ သိလား ... ညီ။ ဒီကောင်က ကျောင်းတုန်းက အရမ်းစာညံ့တာကွ"

“ဟော့ကောင် ... ဟော့ကောင် ... မင်း ငါ့တပည့်ရှေ့ ဒေါက်မဖြုတ်နဲ့ကွ။ မင်းကွာ ..”

“ညီ ... သိလား။ မှန်တာတွေ ပြောလို့ ဒေါသထွက်နေတာလေ”

သူက ဖိုးထက်ကို စနေတာမို့ ဖိုးထက်က ရှူး ရှူး ရှားရှားတွေ ဖြစ်လာတာကို သူရနဲ့သူ တဟားဟားနှင့် ရယ် ဖြစ်ကြသေးသည်။

သူ ထိုနေ့တစ်နေ့လုံး ဘယ်မှထပ်မထွက် ဖြစ်တော့ပဲ ဖိုးထက်အိမ်မှာ ပဲ နားနေလိုက်သည်။ သူ့ အမွေကိစ္စ လွှဲအပ်ထားသော ရှေ့နေကြီးအိမ်ကိုတော့ သူရောက်နေပြီဆိုသည့်အကြောင်း ဖုန်းဆက်ပြောလိုက်သေးသည်။

မေမေ သား ရည်မှန်းချက်တွေ ပြည့်လို့ မေမေ့ဆီ ပြန်ခဲ့ပြီ မေမေ။ ခြောက်နှစ်သားအရွယ် တုန်းက မေမေ ပြောခဲ့တာတွေ ကို နားမလည်ခဲ့သမျှ အခု မေမေ့စကားတွေ ကို နားထောင်ပေးဖို့ သား ပြန်လာခဲ့ပြီ မေမေ။

******

# အခန်း (၂)

"ညီက အစ်ကို့အကြောင်းတွေ ဘယ်လောက်သိထားလဲ"

သူ့စကားကြောင့် သူရက အပြုံး လေးနှင့် ခေါင်းညိတ်ရင်း ...

"သေချာတာတော့ ကျွန်တော် မသိပါဘူး အစ်ကို။ အစ်ကို့အမေကို ဒီမြို့ မှာ လာရှာတယ်ဆိုတာ ရယ်၊ အစ်ကို့ကို ဒီမှာ မွေးတယ်ဆိုတာရယ်၊ အဲဒီ လောက်ပဲသိထားတယ်။ ဒီထက်ပိုပြီး ဘာမှမသိပါဘူး"

သူ ဝရန်တာလေးတွေ ရပ်နေသော သူရ၏ ပခုံးကို ဖက်လိုက်ကာ ...

"ညီ့ကို ကိုယ့်အကြောင်းတွေ ပြောပြမယ်။ ရှေ့ဆက်လုပ် ရမယ့် ကိစ္စတွေ အားလုံးက ညီနဲ့ပဲ တွဲ လုပ်မှာ လေ။ ဖိုးထက်က ညီ့ကိုပဲ လွှဲထားတယ်ဆိုတော့"

"ဟာ ... ရပါတယ် အစ်ကို။ ကျွန်တော့် ကို ဘယ်လိုကိစ္စမဆို ယုံယုံကြည်ကြည်နဲ့ တိုင်ပင်လို့ ရပါတယ်။ ဘယ်အပြင်ကိုမှ မပေါက်ကြားစေရပါဘူး။

သူရဘက်က အလေးအနက်ပြောလာသော စကားကြောင့် သူစိတ်ကျေနပ်သွားရသည်။ ဒီကောင်လေး၏ မျက်နှာသည် ဖြူစင်သည်ဟု သူလက်ခံထားမိသည်။

"ကိုယ့်ကို ဒီမြို့ မှာ မွေးခဲ့တာမှန်ပေမယ့် ကိုယ်ခြောက်နှစ် သား အရွယ်အထိပဲ နေခဲ့ရတာ လေ။ အင်း ... ကိုယ့်အကြောင်းတွေ ပြောရရင်တော့ အရှည်ကြီးပဲ"

သူကပြောရင်း သက်ပြင်းရှည်ကြီးတစ်ခု မှု တ်ထုတ်လိုက်သည်။

" ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော် အစ်ကို့အကြောင်းတွေ ကို သိချင်ပါတယ် အစ်ကို"

"ကိုယ့်ဖေဖေတို့ဟာ အဲဒီ အချိန်တုန်းက ဒီမြို့ မှာ အချမ်းသာဆုံး စာရင်းဝင်တွေ ပေါ့ကွာ။ မေမေက ဖေဖေတို့အိမ်က အိမ်ဖော်။ ထုံးစံအတိုင်းပေါ့ကွာ။ သူဋ္ဌေးသားနဲ့

အိမ်ဖော်ချစ်ကြတော့ လူကြီးတွေ က ခွဲကြတယ်ပေါ့။ မေမေ့မှာ မိဘဆွေမျိုး မရှိ တစ်ကောင်ကြွက်ဆိုတော့ အံတော် ရွာထဲက အိမ်လေးတစ်လုံးငှားနေခဲ့ရတယ်”

သူ တကယ်ပဲ မေမေ့ကို သတိရသွားခဲ့ပါသည်။

“အစ်ကို့ ဖေဖေက လိုက်မလာဘူးလားဟင်”

“ဖေဖေကိုယ်တိုင် လိုက်မလာပေမယ့် ဖေဖေ့လူယုံ ဦးကော်ကြီးနဲ့ ပိုက်ဆံတို့၊ စားစရာတို့ ထည့်ပေးပြီး ထောက်ပံ့ပေးခဲ့တယ်။ ဒါပေမဲ့ မေမေ့မှာ ကိုယ့်ကိုယ်ဝန်ပါလာခဲ့တယ်။ မေမေ တစ်ယောက် တည်း ကိုယ့်ကို ဖြစ်အောင်မွေးပြီး ဘဝကို ကြိုး စားရုန်းကန်ခဲ့ရှာတယ်။ ကိုယ်ငါးနှစ် သား အရွယ်မှာ ပဲ ဖေဖေက ကြီးကြီးကို ခေါ်လာပြီး မေမေ့ဆီက ကိုယ့်ကို ပြန်ခေါ်ခဲ့တယ်။ ကိုယ့်ကို အားလုံးက ချစ်ပြီး အလိုလိုက်ကြပေမယ့် ကိုယ့်မေမေနဲ့ နေရတာ လောက် မပျော်ခဲ့ဘူး။ ကျောင်းစတက်တဲ့နေ့မှာ ပိုဆိုးတော့တာပဲ။ သူငယ်ချင်းတွေ အားလုံးက ကိုယ့်ကို အိမ်ဖော်မသား၊ စုန်းမသားဆိုပြီး အမျိုး မျိုး ပြောကြ၊ အနိုင်ကျင့်ကြတော့ ကိုယ်ကျောင်းမတက်ချင်တော့ဘဲ ကျောင်းပြေးပြီး မေမေ့အိမ်ကို ပြန်သွားခဲ့တာ”

“ခြောက်နှစ် အရွယ် အစ်ကိုက အံတော် ရွာထဲက အိမ်ကို ပြန်တတ်တယ်ပေါ့။ တစ်ယောက် တည်းလေ”

သူရစကားကြောင့် သူအံတော် တံတားကြီးပေါ်လမ်းလျှောက်ရင်း ရယ်လိုက်မိသည်။ ပြီးတော့ ဟီးရိုးလက်ဖက်ရည်ဆိုင်နောက်ဘက်မှ အထက (၂) ကျောင်းကြီးကို လက်ညှိုး ထိုးပြလိုက်ပြီး ...

“ကိုယ်တက်တဲ့ကျောင်းက ဒီကျောင်းလေ။ ပြီးတော့ ဒီတံတားကြီးလည်း မဟုတ်သေးဘူး။ တံတားက သစ်သားတံတားအဟောင်းကြီးလေ။ အဲဒီ တံတားကိုဖြတ်ရင်း အံတော် ရွာထဲ သွားတဲ့လမ်းက တစ်လမ်းပဲရှိတာဆိုတော့ ကိုယ် တန်းတန်းမတ်မတ် အိမ်ပြန်တတ်တာပေါ့။ ပြီးတော့ ငယ်ငယ်ကတည်းက မေမေနဲ့ သံတွဲ မြို့ ထဲက ဈေးကို လာနေကျဆိုတော့ မသွားတတ်စရာ အကြောင်း မရှိဘူးလေ။ တစ်ခုတော့ ရှိတယ် သိလား

ညီ။ ကိုယ်မှတ်မိသလောက်တော့ မေမေဟာ အမြဲတမ်း ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေတတ်တယ်။ တစ်ခုခုကို တွေးနေသလိုပဲ။ သူများ တွေ အိမ်မှာ အဝတ်တွေ အငှားလိုက်လျှော်ပေမယ့် ဘယ်သူနဲ့မှ အရောတဝင် မနေခဲ့ဘူး”

“အစ်ကို့ စကားဖြတ်ပြီး ကျွန်တော် မေးရဦးမယ်”

သူရက စိတ်ဝင်တစားပြောလာတာမို့ ...

“အင်း ... မေးလေ ညီ”

“အစ်ကို ကျောင်းပြေးပြီး အစ်ကို့ အမေအိမ်ကို သွားသွားနေတာကို အစ်ကို့ဖေဖေတို့ဘက်က မသိဘူးလား။ အစ်ကို့မေမေကကော အစ်ကို့ကို လက်ခံထားလား”

“ဘယ်လက်ခံထားပါ့မလဲ ညီရယ်။ ဘဝကောင်းစားစေချင်လို့ ပို့ထားခဲ့တဲ့သားက ကျောင်းပြေး ပြီး သူ့ဆီပြန်ပြန်လာနေတော့ မေမေက ရိုက်တာပေါ့။ ကိုယ်ကလည်း အရိုက်ခံပြီးတော့ မေမေ့ဆီပဲ သွားတာပဲ။ ဒီကိစ္စတွေ ကို ဖေဖေသိသွားတော့ ကိုယ့်ကိုခေါ်ပြီး ရန်ကုန်ပြောင်းဖို့ ပြင်တော့တာပဲ။ စီးပွားရေး က ဒီမှာ အခြေချပြီးသား ဖြစ်နေတော့ ကြီးကြီးနဲ့ ဘိုးဘိုးက ရုတ်တရက် မလိုက်နိုင်ဘူးလေ။ ကိုယ်နဲ့ ဖေဖေပဲ ရန်ကုန်မှာ တိုက်ခန်းတစ်ခန်း လောလောဆယ်ဝယ်ပြီး နေကြတယ်။ ကိုယ် ကတော့ ကျောင်းဆက်တက်ရတာ ပေါ့။ ဖေဖေ ကတော့ သံတွဲ နဲ့ ရန်ကုန်ကို ကုန်ကူးတယ်။ ကြီးကြီးကလည်း ကိုယ့်ကို ကူထိန်းပေးရှာပါတယ်။ နောက်တော့ ရန်ကုန်မှာ အဆင်ပြေပြီး စီးပွားရေး ကို ရန်ကုန်ကို ပြောင်းလိုက်တော့တယ်လေ”

သူက ရေတစ်ခွက်ခပ်သောက်လိုက်သည်။

“ဒါဆို အစ်ကို ဒီက အိမ်ကို ရောင်းခဲ့တာလား”

“မရောင်းဘူး ညီ။ ရှေ့နေနဲ့ အပ်ထားတာ။ ဟိုတလော ကတော့ အိမ်ငှားတင်သေးတယ်။ အခုတော့ အိမ်ငှားမရှိတော့ဘူးပြောတယ်။ အဲဒီ အိမ်က ကိုယ့်နာမည် နဲ့ အမွေရထားတာလေ။ တရားဝင် မလွှဲရသေးဘူး။ အခုမေမေ့ကိုလိုက်ရှာရင်း

အဲဒီ အိမ်ကို တရားဝင်လာလွှဲယူတာလေ။ ပြီးရင် ဈေးတော် ရင် ရောင်းမယ်ပေါ့"

"အိမ်က ဘယ်မှာ လဲ အစ်ကို"

"လေးမျက်နှာကုန်း (ဘိုကုန်း)ပေါ်မှာ လေ။ အိမ်မည်း ကြီးလေ"

"ဪ ... ကျွန်တော် သိတယ် အစ်ကို။ ဒါနဲ့ အကို့ကြီးကြီးတို့ကရော"

"ကိုယ့်အဘွားက ကိုယ်မမွေးခင်ကတည်းက ဆုံးသွားတယ်လို့ ပြောတယ်။ အဘိုး ကတော့ ကိုယ် ဆယ်တန်းအောင်တဲ့နှစ် မှာ ပဲ ဆုံးသွားတယ်။ ကြီးကြီး ကတော့ အဘိုးဆုံးပြီး သုံးနှစ် ခြားပြီး ဆုံးတယ်။ ဖေဖေ ကတော့ မနှစ် က ဆုံးတယ်။ ဖေဖေဆုံးမှပဲ ကိုယ်မေမေ့ကို လာရှာရဲတာလေ။ ဖေဖေ့ ဒိုင်ယာရီထဲကအတိုင်းဆိုရင်တော့ မေမေ သက်ရှိထင်ရှားရှိနေသေးတာ သေချာတယ်။ ကိုယ့်ဘက်က အခုမှ မေမေ့ကို ပြန်ရှာနိုင်တဲ့အတွက် စိတ်တော့ တကယ်မကောင်းဘူးပေါ့ကွာ"

ညပိုင်း လေအေးအေးလေးက အံတော် ချောင်း (သရော်တောချောင်း)ကြီးကို ဖြတ်ပြီး တိုက်ခတ်လာခဲ့တယ်။ မိခင်အတွက် ပူလောင်နေသော သူ့ရင်ကို ခဏတာတော့ အေးမြ သွားပါသည်။

"ကျွန်တော် တစ်ခုတွေး မိတာရှိတယ် အစ်ကို"

"ဘာကိုလဲ ညီ"

"အစ်ကို့အဖေက အစ်ကို့အမေကို တကယ်ချစ်ခဲ့တာလား"

သူသက်ပြင်းချရင်း ခေါင်းညိတ်လိုက်ကာ ...

"ဖေဖေက မေမေ့ကို သိပ်ချစ်ခဲ့တာ သေချာတယ် ညီ။ ဘာလို့လဲဆိုတော့ ဖေဖေနဲ့ မေမေဟာ တရားဝင်လက်ထပ်ခဲ့တာလေ။ ဖေဖေက လူချော၊ ပညာတတ်၊ ဥစ္စာပေါပဲ။ သူ့ဘေးမှာ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းမတွေ ရှိသားပဲ။ သူလက်ထပ်ချင်ရင် လက်ထပ်လို့ရတာ ပေါ့။ ဒါပေမဲ့ ဖေဖေဟာ သူသေတဲ့အထိ ဘယ်မိန်းမနဲ့မှ လက်မထပ်ခဲ့ပဲ မေမေ့အပေါ် သစ္စာရှိခဲ့တယ်။ ကိုတို့ ရန်ကုန်ရောက်ခဲ့ပေမယ့် ဖေဖေဟာ သူ့လူယုံကြီးကနေတစ်ဆင့်

မေမေ့ဆီ ထောက်ပံ့မှု တွေ လုပ်ပေးခဲ့ သေးတယ်။ ကိုယ်အရင်က တွေးမိတာက ဖေဖေ ကြီးကြီးနဲ့ ဘိုးဘိုးကို ကြောက်လို့ မေမေ့ကို မဆက်သွယ်ရဲခဲ့တလို့ပေါ့။ ဒါပေမဲ့ ဘိုးဘိုးနဲ့ ကြီးကြီးဆုံးသွားတော့ မေမေ့ကို ခေါ်လို့ရသားပဲ။ ဒါကို ဖေဖေက လုံးဝ မေမေ့ကို မဆက်သွယ်ခဲ့ဘူး။ ထောက်ပံ့မှု တွေ ပဲ လုပ်ခဲ့တယ်။ မေမေ့အကြောင်း ဖေဖေ့လူယုံကြီးဆီမှာ မေးတော့လည်း မရခဲ့ဘူး။ အရမ်းကို နှုတ်လုံတယ်လေ”

“အဲဒီ ကိစ္စ ကတော့ တွေးစရာပဲနော်။ အစ်ကို့ဖေဖေက အစ်ကို့မေမေကို ချစ်ရဲ့ သားနဲ့ ပြန်မပေါင်းခဲ့ဘူးဆိုတော့လေ။ အစ်ကို့ မေမေ နောက်အိမ်ထောင်များ ပြုလို့လားဟင်”

သူတွေးရင်း ခေါင်းယမ်းလိုက်သည်။

“အဲဒါတော့ မ ဖြစ်နိုင်ဘူး ညီ။ မေမေသာ နောက်အိမ်ထောင်ပြုလိုက်တာ အမှန်ဆိုရင် ဖေဖေ့ဘက် မေမေ့ကို ထောက်ပံ့ပေးစရာ မလိုဘူးလေ”

“အဲဒါလည်း ဟုတ်တယ်နော်”

သူတို့ နှစ် ယောက် စကားတပြောပြောနှင့် ရဲစခန်းနားရှိရာ ဖိုးထက်၏ အိမ်သို့ ပြန်လာခဲ့သည်။

ထိုစဉ် ရဲစခန်းရှေ့မှာ လူတွေ စုရုံးစုရုံးနှင့် မို့ သူက ...

“ညီ အခုပဲ ညဆယ်နာရီကျော်နေပြီ။ ရဲစခန်းရှေ့မှာ လူတွေ စုရုံး စုရုံးနဲ့ ဘာတွေ ဖြစ်နေ ကြတလဲ”

“ပတ္တရောင် လှည့်မှာ လေ အစ်ကို။ ကျွန်တော် လည်း သွားရမယ်။ အဲဒါ အရပ်ဝတ်ရဲတွေ နဲ့ ရပ်ကွက် အုပ်ချုပ်ရေး မှူး တွေ ။ အတွင်းရေး မှူး တွေ ပေါ့”

သူတို့မြို့ လေးအတွက် အန္တရာယ်မရှိအောင် ကာကွယ်ပေးနေကြတာပေါ့။

“ညတိုင်း ကင်းလှည့်ကြတာလား”

“ညတိုင်းမဟုတ်ဘူး အစ်ကို။ လပြည့်ညတိုင်းမှ ကင်းလှည့်တာပါ”

“လပြည့်ညတိုင်း”

သူရ၏ စကားကို သူ သံယောင်လိုက်လိုက်တာမို့ ...

“ဟုတ်တယ် အစ်ကို။ လပြည့်ညတိုင်းမှပါ။ ဩော် ... အစ်ကို မသိသေးဘူးထင်တယ်။ ဒီမြို့လေးမှာ လပြည့်ညတိုင်း အပျိုစင်မိန်းကလေး တစ်ယောက် ပျောက်ဆုံးတတ်တယ်”

“ဘယ်လို”

သူတကယ်ကို အံ့သြသွားခဲ့ရပါသည်။ ဒီမြို့လေးမှာ လပြည့်ညတိုင်း အပျိုစင်မိန်းကလေး တစ်ယောက် ပျောက်ဆုံးတယ်ဆိုပါလား။ ထူးဆန်းလိုက်တာ။

“ပြန်ရှာမတွေ့ဘူးလား”

“မတွေ့ဘူး အစ်ကို။ အစအနပါမကျန် ပျောက်သွားတာ”

“ဘယ်လောက်ကြာပြီလဲ”

“နှစ် နှစ် ကျော်သွားပြီ အစ်ကို။ စပျောက်ခါစ ကတော့ ယောကျ်ားနောက်လိုက်သွားတယ်လို့ပဲ ထင်ထားကြတာလေ။ နောက်ပိုင်း ဘာသတင်းမှမရဘဲ ပျောက်သွားတာ။ ယောကျ်ားနောက် လိုက်သွားတာဆိုရင်လည်း ပြန်လာရမှာ ပေါ့။ အခုတော့ ပထမ တစ်ယောက် တောင် ပြန်မတွေ့သေး ဘူး။ နောက် တစ်ယောက် နောက် တစ်ယောက် ထပ်ထပ်ပျောက်နေတာ။ ပျောက်တိုင်းလည်း လပြည့်ညပဲ။ စုံထောက်တွေ ရော၊ ရဲတွေ ရော အကုန်လုံး စုံစမ်းပေမယ့် ဘယ်လိုမှ စုံစမ်းလို့မရဘူး။ သဲလွန်စလည်း မကျန်ခဲ့ဘူး။ အဲဒါကြောင့် လပြည့်ညတိုင်း လူကြီးတွေ ၊ လူငယ်တွေ စုပြီး ကင်းလှည့် ကြတာလေ။ ဒါပေမဲ့လည်း ပျောက်တာပါပဲဗျာ”

သူမျက်လုံးလေးတွန့်သွားသည်အထိ စဉ်းစားလိုက်ရင်း ...

“နေဦး ... ညီ။ အခုတလော လူတွေ ကို ပြန်ပေးဆွဲပြီး အသည်းတွေ ၊ ကျောက်ကပ်တွေ ၊ နှလုံးတွေ အစားထိုးဖို့အတွက် ပြန်ရောင်းစားကြတယ်ဆိုတဲ့သတင်းတွေ

တော့ ကိုယ်ကြားရတယ်ကွ”

“ပျောက်တာက အပျိုစင်လေးတွေ ချည်းပဲ အစ်ကို။ အတွင်းကလီစာတွေ ရောင်းစားဖို့အတွက် ဆိုရင် ကျန်းမာရေး ကောင်းတဲ့ ဘယ်သူမဆို ခေါ်ပြီး ပြန်ပေးဆွဲမှာ ပေါ့။ လူကုန်ကူးတယ်ဆိုရင်လည်း ကျွန်တော် တို့ ဒီလောက်သေသေချာချာ ကင်းလှည့်နေတာ တစ်ကြိမ်မဟုတ် တစ်ကြိမ် မိရမှာ ပေါ့။ အခုတော့ ဘာအစအနမှ မကျန်အောင် ပျောက်သွားကြတာ”

“အေးကွာ ... တွေးတော့ တွေးစရာပဲနော်”

“ကဲ ... အစ်ကို ကျွန်တော် သွားတော့မယ်။ အစ်ကိုလည်း အိပ်တော့လေ”

“မအိပ်တော့ဘူးကွာ။ ကိုယ်လည်း မင်းတို့နဲ့လိုက်ခဲ့မယ်။ ရတယ်မဟုတ်လား”

သူ့စကားကြောင့် သူရက ဝမ်းသာအားရနှင့် ...

“ဟာ ... ရတာ ပေါ့ အစ်ကို။ လိုက်ခဲ့လေ။ ညဉ့်နက်ရင် အေးမှာ အစ်ကို။ ဂျာကင်လေးတော့ ဝတ်ခဲ့ဦး”

“အေးကွ ... ခဏစောင့်”

သူ ဖိုးထက်အိမ်ပေါ်တက်ခဲ့ပြီး ဂျာကင်ဝတ်ကာ လက်နှိပ်ဓာတ်မီးသေးသေးလေးယူကာ တံခါးကို သေချာပြန်သော့ ခတ်ပြီး ဆင်းလာခဲ့သည်။ အိမ်သော့ကို ဖိုးထက်က သူ့တစ်ချောင်းပေးထား တာမို့ ဖိုးထက်မရှိလည်း သူဝင်ထွက်ရတာ အဆင်ပြေသည်။

သူရနှင့် အတူ သူ စခန်းရှေ့သို့ လိုက်လာခဲ့သည်။ အဖွဲ့တွေ ကို နေရာခွဲချနေသော ဖိုးထက်က သူ့ကိုမြင်တော့ ...

“ဟာ ... ဟေ့ကောင် မင်းက ဘာလိုက်လုပ်မလို့လဲ”

“ငါလည်း စိတ်ဝင်စားလို့ကွ။ မင်းတို့နဲ့လိုက်ခဲ့မယ်လေ”

ဖိုးထက်က သူ့ပခုံးကို ဖက်ထားရင်းမှ ...

"ကဲ ... ဒါဆို မင်းနဲ့ သူရနဲ့က ငါတို့အဖွဲ့နဲ့ လိုက်ခဲ့တော့။ ကဲ စထွက်ကြမယ်ဟေ့"

အဖွဲ့တွေ တစ်ဖွဲ့ပြီး တစ်ဖွဲ့ သတ်မှတ်ထားရာ ရပ်ကွက်တွေ ဆီ သွားကြသည်။ သတ်မှတ်ထားသော ရပ်ကွက်တွေ ဆီရောက်တော့ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ဖုန်းတွေ နှင့် အဆက်အသွယ် လုပ်ကာ သတင်းအဆက်မပြတ် ပို့ဖြစ်ကြတယ်။

ရပ်ကွက်ထဲ လမ်းလျှောက်လှည့်ပတ်ရင်း အခြေအနေတွေ ကို လိုက်လေ့လာပေမယ့် ဘာမှ ထူးခြားတာ မတွေ့ရချေ။

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးလာသည်နှင့် အမှုမနက်လေးနာရီပင် ထိုးခဲ့ချေပြီ။ အခုထက်ထိ ထူးခြားမှု မရှိသေးတာမို့ ...

"သူရ ... အခုထက်ထိ ဘာမှ ထူးခြားတာ မတွေ့သေးဘူးနော်။ တခြားအဖွဲ့တွေ ဆီကလည်း ဘာသတင်းမှ မကြားရသေးဘူးဆိုတော့ အပျိုစင်တွေ ကုန်သွားလို့ ဆက်မလုပ်တော့တာလား"

သူ့စကားကြောင့် သူရနဲ့ ဖိုးထက်က ရယ်သည်။ ပြီးမှ ဖိုးထက်က ...

"ပစ်စေ ... ဒီလိုအခြေအနေမျိုး က လပြည့်ညတိုင်း ဖြစ်တတ်တာကွ။ ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းမှာ ဘာထူးခြားမှု မှ မတွေ့ရဘဲ မနက်ကျမှ တစ်ယောက် ပါသွားပြန်ပြီဆိုပြီး ပြန်သိရတာ "

ဒီကိစ္စကိုတော့ သူတကယ်ကို စိတ်ဝင်စားရပါသည်။

ဒါပေမယ့် သူတို့တစ်ညလုံးစောင့်ကြည့်ပေမယ့် ဘာထူးခြားမှု မှ မတွေ့တာမို့ မိုးလင်းခါစမှာ ပဲ လူစုခွဲကာ ကိုယ့်အိမ်ကို ပြန်ခဲ့ကြလေသည်။

ဖိုးထက်ပြောသလို မနက်ကျမှ ဘယ်ရပ်ကွက်က မိန်းကလေး ပါသွားမလဲဆိုတာ စောင့်ကြည့် ရဦးမည် ။

******

# အခန်း (၃)

သူအိမ်ရှေ့ခန်းမှ စကားသံခပ်တိုးတိုးများ ကြောင့် လန့်နိုးလာခဲ့သည်။ ညက ကင်းလှည့် လိုက်သွားတာမို့ မနက်မိုးလင်းခါနီး မှ သူ အိပ်ပျော်သွားခဲ့သည်။ သူအပျင်းတစ်ချက်ဆန့်လိုက်ပြီး စားပွဲပေါ်မှ နာရီကိုကြည့်လိုက်တော့ နေ့လည် ဆယ့်နှစ်နာရီထိုးပြီးနေခဲ့ပြီ။

ဧည့်ခန်းထဲတွင် သူရနဲ့ ဖိုးထက် စကားပြောနေတာ တွေ့တာမို့ သူ သွားပွတ်တံကိုင်ရင်းမှ ဖိုးထက်ဘေး ဝင်ထိုင်လိုက်ကာ ...

"ညက ဘာသတင်းထူးသေးလဲ"

သူ့မေးခွန်းအဆုံးတွင် ဖိုးထက်နှင့် သူရ မျက်လုံးချင်းဆုံသွားတာမို့ ...

"တစ်ခုခုထူးခြားလို့လား"

"ထူးခြားတယ်ကွ။ အခုထက်ထိ ဘယ်ရပ်ကွက်ကမှ လူပျောက်လာမတိုင်သေးဘူး။ ပြီးခဲ့တဲ့ လပြည့်တွေ တုန်းကဆို မနက်လင်းတာနဲ့ လူပျောက်တာသိရတယ်။ အခုတော့ တော်တော့်ကို ထူးဆန်းနေတယ်"

သူရက ရယ်ရယ်မောမောနှင့် ...

"အစ်ကို ညကပြောခဲ့သလို ကျွန်တော် တို့မြို့ မှာ အပျိုတွေ ရှိပေမယ့် အပျိုစင်တွေ ကုန်သွားလို့ထင်တယ်။ ပျောက်သွားခဲ့ဖူးတဲ့ မိန်းကလေးတွေ က ရည်းစားတောင် မထားဖူးတဲ့ အနေအေးတဲ့ မိန်းကလေးတွေ ချည်းပဲဆိုတော့လေ"

တကယ်ပဲ စဉ်းစားစရာပါ။ ပျောက်သွားတဲ့ မိန်းကလေးတွေ က ဘယ်ရောက်သွားကြသလဲ။ ဘာကြောင့် သတင်းအစအနတောင် မကျန်ခဲ့ဘဲ ပျောက်ဆုံးသွားခဲ့ကြသလဲ။

"ကဲ ... ပစ်စေ ငါတို့တောင် စုံစမ်းမရတာ မင်းစဉ်းစားမနေနဲ့၊ မင်းကိစ္စတွေ ဆက်လုပ် ရဦးမယ် မှလား။ သွား ... မျက်နှာသွားသစ်တော့။ စားဖို့သောက်ဖို့

ငါစီစဉ်ထားပြီးပြီ”

သူ မျက်နှာသစ် ရေမိုးချိုး ပြီး Levis-501 ကော်ဖီရောင် ဂျင်းဘောင်းဘီတို၊ body fit ရှပ်အင်္ကျီ လိမ္မော်ရောင် တွင် ကော်ဖီကွက်ကျားလေးတွေ ပါသော အင်္ကျီလေးနှင့် တွဲ ဝတ်လိုက်သည်။

ထမင်းစားခန်းထဲရောက်တော့ ထမင်းဝိုင်းအဆင်သင့်နှင့် ဖိုးထက်တို့က စောင့်နေသည်။

“လာကွာ … ဒီမှာ မင်းအတွက်ဆိုပြီး သူရက ဈေးသွားဝယ်ပေးပြီး သူကိုယ်တိုင် ချက်ပြုတ် ထားတာကွ”

“ဟာ … မွှေးနေတာပဲ။ ရခိုင်ဟင်းစားချင်နေတာကွ”

ခရမ်းသီး စိမ်းစိမ်းလေးတွေ ကို ဆီမပါဘဲ ငရုတ်သီးစိမ်းစပ်စပ်လေးနှင့် အိုးကပ်နေအောင် ချက်ထားပြီး ကကတစ်ငါး (ရခိုင်အခေါ် ငါးမိုးသီး)ကို နှစ် ပိုင်းပိုင်းကာ ဆီကျန်ရေကျန်လေး ချက်ထားကာ ချဉ်ပေါင်မွှေချက်ထားသော ဟင်းပွဲအစုံက သူ့ဗိုက်ကို တဂွီဂွီမြည် သွားစေသည်။ အတို့အမြှုပ် အသီးအရွက်ကလေးတွေ ကလည်း အစုံဆိုတော့ သူထမင်းနှစ် ပန်းကန်လောက် ဆွဲလိုက်မိသည်။

ထမင်းစားသောက်ပြီးတော့ ဖိုးထက်က …

“မင်းနဲ့ သူရ အံတော် ရွာမကို သွားဖို့ ဆိုင်ကယ်(လ်)စီစဉ်ထားတယ်။ ခဏနားပြီးမှ သွားပေါ့ကွာ။ ငါစခန်းသွားလိုက်ဦးမယ်။ သူရ အစစအရာရာ ဂရုစိုက်ပါကွာ”

“ဟုတ်ကဲ့ … စိတ်ချပါဆရာ”

“ပစ်စေ … ငါသွားမယ်”

“အေးကွာ … ညနေမှ တွေ့ရအောင်”

ဖိုးထက်က ယူနီဖောင်းဝတ်ကာ စခန်းဘက်ထွက်သွားသည်။

“ဆရာစိုးအောင်ထက်နဲ့ အစ်ကိုက ဘယ်တုန်းက ခင်တာလဲ”

“ကိုယ်တို့က ဖိုးထက်တို့ဘေးခြံကို ဝယ်လိုက်တာလေ”

“ရန်ကုန်မှာ လား”

“အင်း ... ဟုတ်တယ်။ ရန်ကုန်မှာ လေ။ ရှစ်တန်းကတည်းက အတူတူကျောင်းတက်တာ ဆိုတော့ အရမ်းခင်ကြတာပေါ့။ ကိုယ်က အီးမေဂျာယူတယ်။ သူက သင်္ချာယူတယ်။ ကိုယ်က ကျောင်းပြီးအောင် မတက်တော့ဘဲ ဒုတိယနှစ် မှာ ကိုရီးယားကို သွားပြီး အိမ်တွင်းအိမ်ပြင် decoration လုပ်တဲ့သင်တန်းသွားတက်ပြီး အဲဒီ မှာ ပဲ အလုပ်လုပ်ခဲ့တာ။ ကိုယ်ဟိုမှာ အဆင်ပြေတော့ ဒီမှာ ကုမ္ပဏီ ဖွင့်ပြီး ဆက်လုပ် ခဲ့တယ်။ သူရန်ကုန်လာတော့ ပြန်အဆက်အသွယ်ရတာ လေ။ နောက်တော့ သူ ဒီမြို့ မှာ ကျနေတယ်ဆိုတော့ ကိုယ့်အစီအစဉ်တွေ အမြန်ဆုံးအကောင်အထည်ဖော်လိုက်တာလေ”

သူ့စကားကို သူရက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

“ကဲ ... သူရ ကိုယ်တို့သွားရအောင်လေ”

“ဟုတ် ... သွားမယ်လေ”

အင်္ကျီလက်ရှည်အပါးလေး ထပ်ဝတ်ကာ နေကာမျက်မှန်အကြီးကြီး တပ်လိုက်တယ်။

“အစ်ကိုက F4မင်းသာကျနေတာပဲ”

“မပြော က်ပါနဲ့ကွာ”

“တကယ်ပြောတာ အစ်ကိုရ။ ကဲ ... တက် ... တက်”

သူရနောက်မှ ဆိုင်ကယ်(လ်)ခွတက်လိုက်သည်။ သူ့ဆံပင်က Waveနည်းနည်း ပါတာမို့ နည်းနည်း ရှည်ရှည်ထားလိုက်တာနှင့် သူရပြောသည့် F4မင်းသား ဂူဂျွန်ဖြိုး ကေမျိုး အလိုလို ဖြစ်သွားသည်။

အရပ်ကလည်း ခြောက်ပေနီးပါးမို့ သူ့သူငယ်ချင်းတွေ က သူ့ပုံစံကို သဘောကျကာ သူ့ဆံပင်ပုံစံ သူ့စတိုင်(လ်)လိုက်အတုခိုးပြီး လိုက်လုပ်ကြသေးသည်။

"အစ်ကိုပြောတဲ့ လိပ်စာအတိုင်းဆိုရင်တော့ အံတော်ရွာမထဲမှာ ပဲ။ အစ်ကို ငယ်ငယ်ကနေခဲ့တဲ့ အိမ်ပဲ ဖြစ်နေမလားမသိဘူး။ အစ်ကို ငယ်ငယ်နေခဲ့တဲ့ အိမ်ကို မှတ်မိလား"

သူတို့ ဆိုင်ကယ်(လ်)လေး လမ်းကြိုလမ်းကြားလေးတွေ ကို ဖြတ်ပြီး အံတော်ရွာမထဲသို့ ဝင်လာခဲ့သည်။ သူရက ဆိုင်ကယ်(လ်) ခဏရပ်ပြီး တွေ့သော လူ တစ်ယောက်ကို ...

"ဦးလေး ဒီရွာထဲက ဒေါ်စိမ်းမြနုကို သိလား။ သူ့အိမ်က ဘယ်နားမှာ လဲ မသိဘူးခင်ဗျ"

"စိမ်းမြနု ... စိမ်းမြနု ... ဩော် ... သိပြီ။ ဟိုဘက်လမ်းထဲမှာ ပဲကွယ့်။ ဘယ်အိမ်လည်းဆိုတာကို တော့ ဦးလေး သေချာမသိဝေး။ မင်းတို့ဘာသာပဲ မေးကြည့်ချေပေ့ါ။ အဲဒီ လမ်းမှာ ရှိတာတော့ သေချာ တယ်"

ထိုလူကြီးက သံတွဲ သားတို့၏ လေသံနှင့် အာပေါင်အာရင်းသန်သန်ဖြင့် လမ်းညွှန်သည်။ ထိုလူကြီး ညွှန်ပြသည့်အတိုင်း သူတို့ဆိုင်ကယ်(လ်)လေးကို မောင်းဝင်ခဲ့ကာ အဒေါ်ကြီး တစ်ယောက် ကို ထပ်မေးကြည့်လိုက်သည်။

"စိမ်းမြနုတို့အိမ် ... ဩော် ... ဟိုးရှေ့က ကုက္ကိုပင်ကြီးရှိတဲ့ အိမ်ပဲကွယ့်"

"ဩော် ... ဟုတ်ကဲ့။ ကျေးဇူးပါပဲ အဒေါ်"

"ရပါတယ်ကွယ်"

ကုက္ကိုပင်ကြီးရှိရာ ခြံဝင်းလေးထဲသို့ သူတို့ဆိုင်ကယ်လေးဝင်ကာ ရပ်လိုက်သည်။ မေမေနဲ့ တွေ့ရင် ငါဘာပြောရမလဲ။

မေမေ ငါ့ကိုတွေ့ရင် အရမ်းပျော်သွားမှာ ပဲ။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

သူရက လှမ်းအော်သည်။ အိမ်လေးက ပျဉ်ခင်းပျဉ်ထောင် သပ်သပ်ရပ်ရပ် ခိုင်ခိုင်ခန့်ခန့်လေး နှင့် နေချင်စဖွယ်လေး ဖြစ်သည်။ အိမ်တံခါးမကြီးရော ပြတင်းပေါက်တွေရော ဖွင့်ထားတာမို့ အထဲမှာ လူရှိတာသေချာသည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့"

ခေါ်ကြည့်ပေမယ့် ဘာသံမှမကြားရတာ မို့ သူရက ဘေးအိမ်ကို သွားကာ မေးကြည့်နေသည်။

"အရီး ... ဒီအိမ်က ဒေါ်စိမ်းမြနု ဘယ်သွားလဲမသိဘူးဗျ"

"ဟေ ... ငါ့ရို့လည်း မသိဝေး။ မိုးထကတည်းက ရဲ့ အိမ်က တံခါးတွေ ပွင့်နေတာလေ။ စိမ်းမြန ဘယ်လားနေလဲမသိ။ အရှင် ကတော့ သူလားရင် တံခါးတွေ သော ခတ်သွားနေကျ။ အေနေမှ ရဲ့ လို ထားပြီးထွက်လားတာ"

ဖြေသော အဒေါ်ကြီးက ရခိုင်သံနှင့် သေချာဖြေတာမို့ သူသေချာနားထောင်မှ နားလည်တော့ သည်။

မနက်ကတည်းက မေမေ့အိမ်က တံခါးတွေ ပွင့်နေပြီး မေမေ ကတော့ ဘယ်ဘကသွားခဲ့လဲ မသိဘူးတဲ့။ အရင်က မေမေအပြင်ထွက်ရင် တံခါးတွေ ကို သော ခတ်သွားနေတာတဲ့။ ဒီနေ့မှ ဒီလိုထားပြီး ထွက်သွားတာဆိုတော့ သူလာမယ်ဆိုတာ သိလို့များ ရှောင်နေတာလား။ မနက်ဖြန် တစ်ခေါက်လာရင် ကောင်းမယ်ထင်တယ်။

"ကျွန်တော် က ဒေါ်စိမ်းမြနုသားပါ"

"ဟေ .. နှင်က စိမ်းမြနုသား။ ဟုတ်စ ... ရေဆို စံလှသာရဲ့ သားပေါ့။ နှင့် အဘရော"

"ဖေဖေက ဆုံး သွားပါပြီ။ အဲဒါကြောင့် မေမေ့ကို လာခေါ်တာပါ"

"သြော် ... အေး ... အေး ... သူပြန်လာရင် ငါပြောထားလိုက်မယ်လေ။

သူကလည်း ဘယ်သူနဲ့မှ သိပ်အပေါင်းအသင်းမလုပ်တော့ သူဘယ်လားမှန်း ငါ့ရို့လည်း သေချာမသိဝေး”

“ဟုတ်ကဲ့ပါ။ ကျွန်တော် မနက်ဖြန်မှ တစ်ခေါက်ထပ်လာခဲ့ပါ့မယ်”

“အေး ... အေး ... ငါပြောထားလိုက်မယ်ဝေး။ အချေနှင့် နာမည် ပြောခဲ့ဦးလေ”

“သြော် ... ဟုတ်ကဲ့။ ကျွန်တော့် နာမည် ပစ္စယျပါ”

“ပစ္စယျ ... ပစ္စယျ ... အေး ... အေး”

“ကျွန်တော် တို့ ပြန်ပါဦးမယ်ခင်ဗျ”

“အေး”

သူတို့ အဒေါ်ကြီးကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။

“အစ်ကို့အမေက အိမ်ကို ဒီအတိုင်းပစ်ထားပြီး ဘယ်ထွက်သွားလဲ မသိဘူးနော်။ အိမ်ထဲမှာ များ ပုန်းနေတာလား။ ရွာလူကြီးခေါ်ပြီး အိမ်ထဲ ဝင်ရှာရင်ရော”

“အေး ... မင်းပြောတာ ဟုတ်တယ်။ မေမေ ကိုယ့်ကိုမတွေ့ချင်လို့ ရှောင်နေတာလား တကယ်ပဲ မရှိတာလားဆိုတာ သေချာသိသွားတာပေါ့။ ကဲ ... ညီ ဆိုင်ကယ်ပြန်လှည့်”

ဆိုင်ကယ်ပြန်လှည့်ပြီး ရွာလူကြီးကို ခေါ်ကာ မေ့မေ့အိမ်သို့ ဒုတိယအကြိမ် ထပ်ရောက်လာ ခဲ့သည်။

ရွာလူကြီးနှင့်အတူ အတွင်းရေးမှူး ပါပါလာတာမို့ သူတို့အားလုံး မေမေ့အိမ်ပေါ်သို့ တက်ခဲ့ကြ တယ်။

“စိမ်းမြနု”

“မေမေ”

ခေါ်သံနှင့် အတူ တစ်အိမ်လုံးလိုက်ရှာပေမယ့် အရိပ်အယောင်တောင် မတွေ

ရှ၏။ မေမေ့အိပ်ရာ ဘေးတွင် ကျနေသော လက်ကိုင်ပဝါအဖြူလေးကို ကောက်ကာ အိပ်ရာပေါ်သို့ တင်လိုက်သည်။

လက်ကိုင်ပဝါလေး၏ ထောင့်စွန်းတွင် 'စိမ်းမြနု'ဆိုပြီး အစိမ်းနုရောင်ချည်လေးနှင့် ခပ်သေးသေး ထိုးထားတာကို တွေ့လိုက်သည်။

"ထူးဆန်းလိုက်တာ။ စိမ်းမြနုက တစ်လနေလို့ တစ်ခါတောင် အပြင်တွေဘာတွေ သွားတာ မဟုတ်ဘူး။ ရွာထဲလာရောင်းတဲ့ ဟင်းသီးဟင်းရွက်သည်တွေ ဆီကပဲ ဝယ်စားတာ။ မြို့ထဲသွား ဖြစ်ရင် တောင် တံခါးကို သေချာပိတ်ပြီး သော့ခတ်ပြီးမှ သွားတာ။ သွားရင်လည်း တစ်နာရီထက် ပိုမကြာဘူး။ အခုအိမ်ကို ဒီအတိုင်းထားခဲ့ပြီး တစ်မနက်လုံးပျောက်နေတာဆိုတော့ တော်တော် ထူးဆန်းနေတယ်"

"ဦးလေးတို့ကို ကျွန်တော့် ဖုန်းနံပါတ်ပေးခဲ့မယ်။ တကယ်လို့ မေမေပြန်ရောက်လာခဲ့တယ်ဆိုရင် ကျွန်တော့် ဆီ ဖုန်းဆက်ပေးပါနော်"

ရွာလူကြီးက သူ့ဖုန်းနံပါတ်ကို မှတ်ရင်းက ...

"အေးကွာ ... သူပြန်ရောက်ရင် ငါ့တူဆီ ဦးလေးဖုန်းဆက်လိုက်ပါ့မယ်"

"ဦးလေး ကျွန်တော် တော့ တစ်ခုတွေ့ းမိတယ်"

ရွာသားလူငယ် တစ်ယောက် က ဝင်ပြောတာမို့ ကျွန်တော် တို့လည်း စိတ်ဝင်စားသွားကြသည်။

"မင်းက ဘာတွေ့ းမိလို့လဲ မင်းနိုင်"

"ကျွန်တော် မြို့ထဲသွားတော့ ညက ဘယ်အပျိုစင်မှ မပျောက်ဘူးတဲ့။ အခု အဒေါ်စိမ်းမြနုလို ဘယ်မှ မထွက်ဘူးတဲ့သူက ရုတ်တရက်ပျောက်သွားတော့ လပြည့်ညသားကောင်က အဒေါ်များ ဖြစ်သွားလားလို့ပါ"

"ဟာ ... ပျောက်တာက အပျိုစင်တွေ ကွ။ စိမ်းမြနုက အပျိုမှမဟုတ်တာ"

"အပျိုစင်တွေ ကုန်သွားလို့ မှဆိုးမတွေ ၊ တစ်ခုလပ်တွေ ဘက်

လှည့်လာတယ်ဆိုရင်ရော”

“မဟုတ်တာပဲကွာ။ စောင့်ကြည့်ပါဦး။ ကဲ … ငါတူတို့လည်း စိတ်ချလက်ချပြန်။ ဦးလေး အကြောင်းထူးရင် ဆက်သွယ်လိုက်မယ်။ ဟုတ်ပြီလား”

သူတို့ ခေါင်းညိတ်ပြပြီး ပြန်လာခဲ့ကြသည်။ တကယ်ပဲ မေမေဟာ လပြည့်ညရဲ့ သားကောင် ဖြစ်သွားခဲ့ပြီလား။

ဟား … မဟုတ်နိုင်ပါဘူးလေ။

“အစ်ကို … လပြည့်ညနဲ့ အစ်ကို့အမေ ပျောက်ဆုံးသွားတဲ့အကြောင်းကို တွေးနေတာလား”

“ဟုတ်တယ် ညီ။ ထူးဆန်းမနေဘူးလား”

“ထူးဆန်းတယ် အစ်ကို။ အစ်ကို့အမေပျောက်သွားခဲ့တာ သေချာတယ်ဆိုရင်တော့ ဒီမြို့ က မုဆိုးမတွေ ၊ တစ်ခုလပ်တွေ အတွက် စိုးရိမ်စရာ ဖြစ်နေပြီ။ လပြည့်ညမှာ ပဲ ပျောက်သွားတာဆိုတော့”

“မဟုတ်ပါစေနဲ့လို့ ဆုတောင်းရမှာ ပဲ ညီရာ။ ဖိုးထက်ကိုတော့ အကျိုးအကြောင်းပြောပြထား ရဦးမယ်”

အိမ်ပြန်ရောက်တော့ ဖိုးထက်နှင့် စကားပြော ဖြစ်ကြသည်။

“မင်းပြောပုံအရဆိုရင်တော့ ရွာလူကြီးဆီက ဆက်သွယ်တာကို စောင့်လိုက်ပါဦး။ သုံးရက် လောက်မှ ပြန်မလာဘူးဆိုရင်တော့ လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့”

သူ့အတွေ းထဲ မေမေ့အတွက် စိတ်ပူသွားမိသည်။ မေမေ ဘယ်များ ရောက်သွားရတာ လဲ။

မေမေ ရိုးရိုးတန်းတန်း အပြင်သွားတာပဲ ဖြစ်ပါစေ။

လပြည့်ညရဲ့ အပျိုစင်ဟာ မေမေ မ ဖြစ်ပါစေနဲ့။

သူစောင့်နေခဲ့သော ရွာလူကြီးထံမှ ဖုန်းဆက်သွယ်မလာခဲ့ပါ။

******